# ၁၉ ရာစု ကျောက်စာနှင့် ခေါင်းလောင်းစာများက ပြောသော ပုလောမြို့ အနေအထား

ထာနေစိုး

မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီကမ်းရိုးတန်းရှိ ပုလောမြို့သည် ကိုလိုနီခေတ်ဦးနှင့် အလယ်ကာလများတွင် ရေကြောင်းကုန်သွယ်ရေးအရ ထူးခြားစွာ တိုးတက်လာခဲ့သည့် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်လာသည်။ ဤဆောင်းပါးသည် ပုလောမြို့ အရှေ့ကျောင်းတိုက်နှင့် မြို့လုံးကျက်သရေစေတီတော်တို့တွင် တည်ရှိသည့် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်း သမိုင်းဝင်ကျောက်စာ၊ ခေါင်းလောင်းစာ၊ ပလ္လင်စာများကို အခြေခံ၍ ထိုခေတ်က ပုလောမြို့၏ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊

လူမျိုးစုစုံလင်မှု၊ ရေကြောင်းဆက်သွယ်ရေးနှင့် သာသနာရေးဆိုင်ရာ ဖြစ်တည်မှုများကို ဆန်းစစ်တင်ပြရန် ရည်ရွယ်ပါသည်။

## ၁။ ခေါင်းလောင်းစာ အထောက်အထားနှင့် ပုလောမြို့၏ စီးပွားရေး အခြေအနေ (၁၈၈၃)

ပုလောမြို့ပြသမိုင်းကို လေ့လာရာတွင် ခရစ်နှစ် ၁၈၈၃ ခုနှစ် (မြန်မာကောဇာ ၁၂၄၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) တွင် သွန်းလုပ်ခဲ့သည့် မြို့လုံးကျက်သရေစေတီတော်ပေါ်မှ ခေါင်းလောင်းစာသည် အစောဆုံးနှင့် အရေးပါဆုံးသော သက်သေတစ်ခု ဖြစ်သည်။



ပုလောမြို့ မြို့လုံးကျက်သရေ စေတီတော်ပေါ်မှ ခေါင်းလောင်း



၁၈၈၃ ခုနှစ်ထိုး
ခေါင်းလောင်းစာသားများ

## ခေါင်းလောင်းစာ မူရင်း

ဆရာငယ်သည် ကာယဝစီ။ နှစ်လည်ဝိညာတ်ပြင့်။ မပြတ် အောင်နိုင်းခေတ်၍။ မန္တလေးရတနာပုဏ် ရွှေမြို့တော်ကြီးဇာတိ။ ယတ္တိဇယ်မ ပုလေားဂါမ အရှေ့ကျောင်း ဆရာဦးဥတ္တမနှင့် လှေသူကြီး ဦးဖိုးနီ ဘုရားဒါယကာ ဦးရွှေရေး ပွဲစားကြီးဦးကျယ် တို့သည် ကျတ်မှတ်ကြီရှု၍ ရန်ကုန်မြို့ ဆရာထူးထံ အပ်နံသွန်း လုတ်ရာ ဇဂါရှိသော ခေါင်းလောင်းကြီးသည် ထောင်သောင်းမက ပွင့်လင်းလှသော ဇိနသာသနာ။၂၄၂၇ခု။ လူတို့ ကောဇာ၁၂၄၅ခု ဥတုဟေမန္တ။ တပေါင်းလွှန်းပက္ခ။ ဖရက်၁ခွေနေ့တွင်၊ သိန်မွေ့ ပြိုးစီးသည် ဤသို့ပြန့်ပျော။ ပုလော ဒါယကာ ဒါယကာမကြီးငယ် တစုတို့၏ ကောင်းမှုသည်။ နောင် ပွင့်လွှန်သော အရိမိတ္တေယျ ဘုရား ထံ၌ မိမိတို့ ပတ္တနာဆုအား လျှော်စွာ။ပြည့်စုံ၍ အလုံးစုံ နတ် လူဖြဟ္မာ သတ္တဝါတို့သည်။ ကြည်ဖြူသာဓု သာဓု ခေါ်စေသောဝ်။ ခေါင်းလောင်းကြီးသည်။ အဖိုးငွေသင့်။ ၂၄၀

ဤခေါင်းလောင်းကို သီပေါမင်းလက်ထက်၊ ကုန်းဘောင်အင်ပါယာ ပါတော်မမူခင် နှစ်နှစ်အလို (၁၈၈၃ ခုနှစ်) ၊ အောက်မြန်မာပြည် ကိုလိုနီခေတ် တွင် သွန်းလုပ်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်မြို့ရှိ နာမည်ကြီး ပန်းတိမ်ဆရာ 'ဆရာထူး'ထံတွင် ငွေကျပ် ၂၄၀ (ထိုခေတ် ကာလတန်ဖိုး အရ အလွန်များပြားသော ပမာဏ) အကုန်အကျခံ၍ မှာယူသွန်းလုပ်ခဲ့ ခြင်းက ပုလောမြို့နှင့် အောက်မြန်မာပြည် ဗဟိုချက်များအကြား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကို ပြသနေသည်။ ခေါင်းလောင်း စာတွင် ပါရှိသော "ပွဲစားကြီး ဦးကျယ်" သည် နောက်ပိုင်းတွင် ပုလော မြို့၏ အရေးပါသော မြို့တိသျှအစိုးရခန့် "မြို့အုပ်မင်း" ဖြစ်လာသူအဖြစ် ကောက်ချက်ချနိုင်သည်။ ၁၉၀၁ ခုနှစ် (၁၂၆၃ ခုနှစ်) ထိုး 'သာသန ပစ္စတ္တိက မဟာကာရိနီ သိမ်သမုတ်တိုင်စာ' တွင် " ၁၂၆၃ခု ကဆုံလဆန် လည် မြို့အုပ်မင်း ဦးကျယ်မတ် နိဗ္ဗာန်ဆုယူ၍ လှူသော ကောင်းမှု ဆောင်ခြင်သူ ဦးဘိုဝင်" ဟု ဆက်လက်တွေ့ရှိရသဖြင့် ဦးကျယ်သည် ၁၈၈၃ ခုနှစ်တွင် ပွဲစားကြီးအဖြစ် စီးပွားရေးအင်အား တည်ဆောက်ပြီး နောက်၊ ၁၉၀၁ ခုနှစ်အထိ ပုလောမြို့အုပ်မင်းအဖြစ် တာဝန်ထမ်း ဆောင်ခဲ့ကြောင်း ချိတ်ဆက်နိုင်သည်။ အလေးချိန် ၉ ဂါ(ပိဿာ ၄၀ခန့်) ရှိသော ဤခေါင်းလောင်းကြီးနှင့် သိမ်အလှူကျောက်စာများကို ရန်ကုန် မြို့မှ ပုလောမြို့သို့ မည်သို့သယ်ယူခဲ့သည်ကို လေ့လာရာတွင် ထိုခေတ် က ရန်ကုန်-ပီနန်-ပုလော လိုင်းများသို့ ကုန်လှေကြီးများဖြင့် ပြေးဆွဲနေ သည့် ပုလောမြို့မှ နာမည်ကြီးကုန်သည် 'တန်ချောဝါး - ဒေါ်ထားကြည်' တို့၏ ကုန်သွယ်ရေးလှေကြီးများဖြင့် သယ်ယူပို့ဆောင်ခဲ့ခြင်းဖြစ် ကြောင်း ကောက်ချက်ချနိုင်သည်။

## ၂။ ဂါတ်တောင် (နေသာတောင်) ရှေးဟောင်းကမ္ပည်းစာနှင့် ပုလောဒေသ သမိုင်းမှတ်တိုင်

မြိတ်ခရိုင် (ဗိတ်စီရင်စု) အတွင်းရှိ မြို့နယ်အသီးသီး၏ ဒေသန္တရ သမိုင်းကို လေ့လာရာတွင် ရှေးဟောင်းစေတီပုထိုးများနှင့် ရုပ်ပွားတော်များ၌ ကျန်ရစ်ခဲ့သော ပလ္လင်ကမ္ပည်းစာ (Epigraphy) များသည် ခေတ်ပြိုင်သမိုင်းကို အတည်ပြုနိုင်သည့် အခိုင်မာဆုံးသော အထောက်အထားများ ဖြစ်ကြသည်။ ပုလောမြို့နယ်ရှိ ထင်ရှားသော **ဂါတ်တောင် (ခေါ်) နေသာတောင်** ပေါ်တွင် တည်ရှိသည့် ရှေးဟောင်း ရဲစခန်းဝန်းအတွင်းမှ စေတီတော်၊ ဘုရားတန်ဆောင်းနှင့် ကြေး ရုပ်ပွားတော်တို့သည် ဗြိတိသျှကိုလိုနီခေတ်ဦးကာလ ဒေသခံတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် စီးပွားရေးအခြေအနေကို ပြသနေသည့် သမိုင်းဝင်မှတ်တိုင်များ ဖြစ်ကြသည်။



နေသာတောင် (ဂတ်တောင်)ပေါ်မှာ ပလ္လင်စာပါ ဘုရားဆင်းတုတော်

ဂါတ်တောင် (နေသာတောင်) သည် ပုလောမြို့၏ ဗဟိုချက်မကျသော တောင်ကုန်းတစ်ခု ဖြစ်သည်။ ကိုလိုနီခေတ်ဦးကာလက အဆိုပါ တောင်ကုန်းပေါ်တွင် ဗြိတိသျှအစိုးရ၏ ရဲစခန်း (ယခင်အခေါ် ဂါတ်တဲ /ဂါတ်ရုံး) ကို တည်ဆောက်ခဲ့သဖြင့် ဒေသခံများက **'ဂါတ်တောင်'** ဟု ခေါ်ဆိုခဲ့ကြပြီး အေးချမ်းသာယာသော သဘာဝပတ်ဝန်းကျင်ကြောင့် **'နေသာတောင်'** ဟုလည်း အမည်တွင်သည်။ အဆိုပါ ရဲစခန်းဟောင်း ဝန်းအတွင်းရှိ စေတီတော်နှင့် ဘုရားတန်ဆောင်းကြီးကို ခရစ်နှစ် ၁၈၈၃ ခုနှစ်တွင် တပြိုင်တည်း တည်ထားပူဇော်ခဲ့ကြောင်း ခိုင်မာစွာ တွေ့ရှိရသည်။

ဘုရားတန်ဆောင်းအတွင်းရှိ ရှေးဟောင်း ကြေးရုပ်ပွားတော် မြတ်ကြီး၏ ပလ္လင်တော်တွင် ထုဆစ်ထားသော အလှူရှင်မှတ်တမ်း ကမ္ပည်းစာအရ ခရစ်နှစ် ၁၈၈၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်) က အောက်ပါအတိုင်း ရေးထိုး မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။

▭ ရုပ်ပွားတော် ပလ္လင်စာ မူရင်း ▭

"၁၂၄၅ခုနှစ် တပေါင်းလဆန်း(၆)ရက်နေ့တွင် ဗိတ်စီရင်စု ပလောရွာနေ ဘုရားတကာ ဦးရွှေ ရေး ဘုရားအစ်မ မထွန်း သားသမီးတစုတို့ ရန်ကုန်မြို့ ပန်းတိမ် ဆရာထူးထံ ကျပ်ဒင်္ဂါး (၄၀၀) ကျော်ဖြင့် ပူဇော် "

မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်နေ့တွင် ဗိတ်စီရင်စု၊ ပလောရွာနေ ဘုရားတကာ ဦးရွှေရေး၊ ဘုရားအစ်မ မထွန်နှင့် သားသမီးတစ်စုတို့က ရန်ကုန်မြို့ ပန်းတိမ်ဆရာထူးထံတွင် ထိုခေတ်ကာလ သုံးစွဲသော ကျပ်ဒင်္ဂါး (၄၀၀) ကျော် အကုန်အကျခံ၍ ပူဇော်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကမ္ပည်းစာအရ **'မြိတ်'** မြို့သည် ကိုလိုနီခေတ်ဦးကာလ၌ ဗိတ်အဖြစ် ခေါ်ဝေါ်နေပြီး ပုလောမှာ **'ဗိတ်စီရင်စု'** ဖြစ်သော ရွာ **'ပလောရွာ'** အဖြစ် သိရှိရသည်။ အလှူရှင် ဦးရွှေရေးနှင့် မထွန်တို့ မိသားစုသည် ထိုခေတ်က အလွန်တန်ဖိုးကြီးမားလှသော ကျပ်ဒင်္ဂါး ၄၀၀ ကျော် (ယနေ့ခေတ်ကာလ တန်ဖိုးဖြင့် တွက်ချက်လျှင် အဆမတန်များပြားသော ပမာဏ) ကို အသုံးပြုနိုင်လောက်အောင် ပုလောဒေသ၌ စီးပွားရေးအဆင်ပြေ ခိုင်မာသူများ ဖြစ်ကြောင်းပြသနေသည်။ ရုပ်ပွားတော်ကို ဒေသတွင်း၌မသွန်းလုပ်ဘဲ ထိုခေတ်က အနုပညာလက်ရာ အကျော်ကြားဆုံးဖြစ်သည့် ရန်ကုန်မြို့မှ **'ပန်းတိမ်ဆရာထူး'** ထံသို့ အရောက်သွား၍ အနုစိတ်မှာယူ ပူဇော်ခဲ့ကြောင်း သိရှိရသည်။

## ၃။ ဆရာတော် ဦးသုဒေဝ (၁၈၆၅-၁၉၂၅) နှင့် သာသနာရေး ပြောင်းလဲမှုများ

ပုလောမြို့ အရှေ့ကျောင်းတိုက် သမိုင်းကြောင်းနှင့် ၁၉၂၆ ခုနှစ်တွင် ထိုးထွင်းခဲ့သည့် ဆရာတော် ဦးသုဒေဝ၏ သင်္ချိုင်းပကထာ ကမ္ပည်းကျောက်စာ အရ ဒေသတွင်း သာသနာပြုလုပ်ငန်းများ ခေတ်မီတိုးတက်လာပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်။



ပုလောမြို့ မြို့လုံးကျက်သရေ စေတီတော်

ဆရာတော် ဦးသုဒေဝသည် အထက်မြန်မာပြည် ကျောက်ပန်းတောင်းမြို့၊ ကန်းနီးရွာ မြို့သူကြီး ဦးကြီးပုံနှင့် ဒေါ်ဘွားသိုက်တို့မှ ၁၈၆၅ ခုနှစ်တွင် ဖွားမြင်ခဲ့သော အထက်အညာသား (လူအမည် မောင်သိန်း) ဖြစ်သည်။ ၎င်းသည် ငယ်ဆရာ ဦးဇနိန္ဒထံတွင် သာမဏေပြုပြီး၊ ရဟန်းဝါရရှိပြီးနောက် အောက်ပြည်အောက်ရွာဖြစ်သော မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ထေရ်ကြီးဝါကြီးများထံတွင် စာပေပရိယတ္တိဆည်းပူးခဲ့သည်။ ထို့နောက် မြိတ်မြို့ ရွှေတောင်ကျောင်းတိုက်ဆရာတော်၏ တာဝန်ပေးချက်အရ ပုလောမြို့ အရှေ့ကျောင်းတိုက်သို့ရောက်ရှိ သီတင်းသုံးခဲ့သည်။ ဆရာတော်သည် ၁၉၀၀ ပြည့်နှစ်တွင် အရှေ့ကျောင်းတိုက်၌ 'သာသနပစ္စတ္တိက ပဟာန ကာရိန် သိမ်တော်' ကို သမုတ်ခဲ့ပြီး၊ အရှေ့ကျောင်းတောင်ပေါ်ရှိ စေတီပျက်ကြီးကို သုံးကြိမ်တိုင်တိုင် ပြန်လည်မွမ်းမံကာ ဉာဏ်တော် ၄၇ တောင်မြင့်သည့် **"မြို့လုံးကျက်သရေ စေတီတော်မြတ်ကြီး"** အဖြစ် အောင်မြင်စွာ တည်ထားနိုင်ခဲ့သည်။

ထူးခြားချက်မှာ ဆရာတော်သည် ဂုဏ်စေတီတော်ကြီးကို တည်ဆောက်ရာတွင် ဥရောပအနွယ်ဝင် 'အိပ်ချ်ကူးမား' (H. Kumar) အမည်ရှိ ဒကာတော်၏ နည်းပညာအကူအညီဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ထိုဒကာတော်သည် သောက်ရေကန်၊ တန်ဆောင်း၊ စောင်းတန်းနှင့် ကွန်ကရစ်လမ်းများကိုပါ လှူဒါန်းခဲ့သည်။




ဂျာမဏီကြီး အိပ်ကူးမားပါ အလှူတော်မှတ်တမ်းပုံ

ဆရာတော်သည် မြို့လုံးကျက်သရေစေတီတော်ကြီး တည်ဆောက် ပြီးစီးခါနီး သက်တော် ခြောက်ဆယ်၊ ဝါတော် လေးဆယ် ၁၉၂၅ ခုနှစ် တွင် ရှောင်လွှဲခြင်း မရနိုင်သော မရဏ သေမင်းနိုင်ငံသို့ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်၏ မိန့်ကြားချက်အရ တပည့်တကာ၊ တကာမတို့မှ မြို့လုံးကျက်သရေ စေတီတော်ကြီးကို တပေါင်းလပြည့်ရောက်တိုင်း နှစ်စဉ်မပျက် ဘုရားပွဲတော် ပူဇော်ကြရန် မိန့်ဟချက်ကို ဒုတိယအရှေ့ကျောင်းဆရာတော် ဦးဓမ္မကွန္တအား ဩဝါဒ ပေးခဲ့သည်။ ထိုအပြင် မပြီးပြတ်သေးသော အုတ်ပြသာဒ်၊ မနုသီဟတို့ကို

လက်စသတ်ခဲ့သည်။ ထိုအပြင် ဆရာတော်သည် မြို့ပေါ်ရှိ လူငယ်များကို (၇)တန်းအထိ စာသင်ကြားပေးခဲ့သည်။ အရှေ့ကျောင်းဆရာတော် သုဒေဝ၏ သင်္ခေပကထာနှင့် သာသနာအကျိုး ကောင်းမှုကုသိုလ် အဝဝ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဂန္ဓဂရစ် (တရုတ်)အနွယ် ဦးစစ်ဝါနှင့် ဒေါ်ကြွင်ငုံ တို့၏ သား ကိုတွင်ရားနှင့် မယ်ကြာမျှင် တို့မှ လှူဒါန်းခဲ့သည်၊ ထိုအပြင် စေတီတော်၏ မြောက်ဘက် ကျောက်ရုပ်ပွားတော် တစ်ဆူ၊ အုတ်ပြာသာဒ်၊ ပလ္လင် တံကဲ၊ ကျောက်နု ဆင်းတုတော်၊ ရင်ပြင် ကွန်ကရစ်၊ တန်ဆောင်းတော်များကို လှူဒါန်းခဲ့သည်။



ဆရာတော်ဦးသုဒေဝ၏ ကမ္ပည်းကျောက်စာ



ဆရာတော် ဦးသုဒေဝ ကမ္ဗည်းစာ မှ စေတီတော်ကို ပြင်ဆင်ပေးသူ အိပိကူးမား အကြောင်း

ဆရာတော်လက်ထက် ပုလောအနေအထားကို တွေးမြင်ကြည့်ပါက ပုလောမြို့သည် မြို့သူကြီး အုပ်ချုပ်မှုစနစ် စတင်နေပြီဖြစ်သည်။ ဂတ်တောင်ရှိ အဆောက်အအုံများကို ၁၈၉၈ ဝန်းကျင်လောက်တွင် တည်ဆောက်ပြီးဟန် ရှိသည်။ မြိတ်ခရိုင်တွင် ပါရှိပြီး ၁၉၀၁ ခုနှစ်တွင် ပုလော၌ ကျေးရွာပေါင်း ၉၁ရွာနှင့် လူဦးရေ ၂၂၄၄၂ သာရှိသည်။ မွန်၊ ကရင်၊ မော်ကင်း၊ ရှမ်း (ထိုင်း)၊ ဂေါ်ရင်ဂျီ (တေလဂူ)၊ အာရပ်အနွယ်များနှင့် အနောက်တိုင်းသားများ (ပေါ်တူဂီ၊ ဂျာမန်၊ ဗြိတိသျှ) သည် ဂါတ်တောင် (ခရစ်နှစ် ၁၈၉၈ ဝန်းကျင် ဆောက်လုပ်ခဲ့သော ဗြိတိသျှ အစိုးရ ရဲစခန်းအခြေစိုက်ရာကုန်း) နှင့် မြို့ပြအနှံ့အပြားတွင် ကုန်သွယ်ရေးနှင့် အုပ်ချုပ်ရေးအရ ရောနှောနေထိုင်ခဲ့ကြသည်။ ပီနန်၊ ရန်ကုန်၊ မြိတ်သို့ ကုန်လှေများ ပြေးဆွဲနေပြီ ဖြစ်သည်။

ခြုံငုံသုံးသပ်ရလျှင် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်း ပုလောမြို့ရှိ ရှေးဟောင်းမော်ကွန်းစာများသည် ကိုလိုနီခေတ်ဦးပုလော

မြို့၏ ဖြစ်တည်မှုကို ပကတိအတိုင်း ဖော်ထုတ်ပေးနေသည်။ ပုလောမြို့သည် ဗြိတိသျှတို့၏ မြို့အုပ်စနစ်၊ မြို့သူကြီးစနစ်တို့ဖြင့် စနစ်တကျ အခြေစိုက်လာပြီး၊ ရန်ကုန်နှင့် ပီနန်ဆိပ်ကမ်းများသို့ ရေကြောင်း ကုန်သွယ်ရေး ကွန်ရက်များ ချိတ်ဆက်ထားနိုင်ခဲ့သည်။ ထို့အပြင် လူမျိုးစုံ၊ ဘာသာစုံ ရောနှောနေထိုင်ပြီး ကုန်သွယ်ရေးနှင့် သာသနာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ကို ကျောက်စာနှင့် ခေါင်းလောင်းစာအထောက်အထားများက အခိုင်အမာ သက်သေပြလျက် ရှိပေသည်။

## အကိုးအကားများ

၁။ ၁၈၈၃ ခုနှစ်ထိုး ခေါင်းလောင်းစာနှင့် ရုပ်ပွားတော် ပလ္လင်စာ

၂။ ၁၂၆၃ ခုနှစ်) ထိုး သာသနပစ္စတ္တိက မဟာကာရိနီ သိမ်သမုတ်တိုင်စာ

၃။ အရှင်ဣန္ဒာစာရာဘိဝံသ။ ။ မြိတ်ခရိုင်၊ ပလောမြို့ ကျေးဇူးရှင် အရှေ့ကျောင်း ဆရာတော်ဘုရားကြီး၏ ဘဝ ဇာတ်တွင် ဖြစ်တော်စဉ်၊